# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 2, 2019 Volume 26, Number 1

| ၂.၁၂.၂၀၁၉ | |
| --- | --- |
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/- ကျပ် |
| CBM Rate | = ၁၅၀၆.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၅၉.၂ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၁၀၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၅.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၃.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၂.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃ ၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၇၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မြန်မာပို့ကုန်များ တရုတ်သို့ အခက်ခဲမရှိတင်ပို့နိုင်ရေး ဆောင်ရွက်ပေးမည်ဟု ယူနန်ပြည်နယ် ဒုတိယမြို့တော်ဝန်ကတိပြု



တရုတ်နိုင်ငံ၏ မူဝါဒ ကန့်သတ်မှုအချို့ကြောင့် မြန်မာ ပို့ကုန်များ တရုတ်သို့တင်ပို့ရာတွင် အခက်အခဲများမရှိစေရေး ဖြေရှင်း ဆောင်ရွက်ပေးမည်ဟု တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယမြို့တော်ဝန် H. E. Mr. Dong Hua က ကတိပြုခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယမြို့တော်ဝန် H. E. Mr. Dong Hua က ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှု အသင်းချုပ်သို့လာရောက်၍ အသင်းချုပ်တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ယင်းသို့ ကတိပြုခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်နှင့်မြန်မာနှစ်နိုင်ငံအကြား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ ယူနန်ပြည်နယ် ဒုတိယမြို့တော်ဝန်H. E. Mr. Dong Hua က တရုတ်–နှင့်မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရေး၊ ဆက်သွယ်ရေးနှင့်လုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်နိုင်ရေးတို့၌ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် တွေ့ကြုံနေရသောအခက်အခဲများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောခဲ့သည်။

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာ ကုန်သည်များ၏ ပို့ကုန်များကို နယ် စပ်မှတစ်ဆင့် တင်ပို့ရာတွင် တရုတ် နိုင်ငံ၏ မူဝါဒကန့်သတ်မှုအချို့ကြောင့် အခက်အခဲများရှိနေသဖြင့် ဖြေရှင်းပေးစေလိုပြီး ထိုသို့ဖြေရှင်း ပေးမှသာ နှစ်နိုင်ငံကုန်သွယ်မှု ယခု ထက်ပို၍ အဆင်ပြေချောမွေ့မည် ဖြစ်ကြောင်း ပြောခဲ့သည်။ ယူနန်ပြည်နယ် ဒုတိယမြို့တော်ဝန် H. E. Mr. Dong Hua သည် နိုဝင်ဘာ ၂၈ ရက်က လည်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်းနှင့်တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုပိုမိုတိုးမြှင့်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/131747.html

## မွန်ပြည်နယ်အတွင်း အလားအလာရှိသည့် လုပ်ငန်းခြောက်ခု၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာအားဖိတ်ခေါ်ခဲ့




မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မော်လမြိုင်မြို့ရှိ Strand Hotel ၌ပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့်အလားအလာရှိသည့် လုပ်ငန်းခြောက်မျိုးတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာရင်းနှီး မြှုပ်နှံသူများအား ဖိတ်ခေါ်ခဲ့ကြောင်းသိရသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲမှတစ်ဆင့် မွန်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံအခွင့်အလမ်းနှင့် အလားအလာရှိသည့် ဟိုတယ်နှင့်ခရီးသွား၊ စိုက်ပျိုးရေး၊ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန်ရည်ရွယ်ကာ ယင်းဖိုရမ်ကိုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစိုးရဌာနနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ယင်းဖိုရမ်တွင် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်အောင်က "The Policy Updates on Investing a Business Myanmar and Promoting Investment in Mon State” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောလင်းအောင်က "မွန်ပြည်နယ်ရင်းနှီး မြှုပ်နှံမှုကော်မတီနှင့် မွန်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန်ရည်ရွယ်ကာ ရင်းနှီးမြှုပ်နှံမှုဖိုရမ် များကို ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက်ပြုလုပ်နေကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131810.html

## ဆီးပွင့်ချိန် ဆီးပျားရည်အထွက်နှုန်းကောင်းသော်လည်း အရောင်းအဝယ်အေး



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီးခြံစိုက်ပျိုးမှုအများဆုံးရှိသည့် ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ဘုတလင်မြို့နယ်၊ ဒီပဲယင်းမြို့နယ်တို့မှ အများဆုံးထုတ်လုပ်မှုရှိသည့် ဆီးပျားရည်မှာ ယခုနှစ်အထွက်နှုန်းကောင်းမွန်သော်လည်း ပျားရည်အရောင်းအဝယ်ဈေးကွက်တွင် ဝယ်ယူမှုနေးကွေးနေသည့်အတွက် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အခက်ကြုံလျက်ရှိကြောင်းသိရသည်။

ဆီးပျားရည်ထုတ်လုပ်မှုကို ဆီးပွင့်ချိန်ဖြစ်သည့် စက်တင်ဘာလကုန်ပိုင်းမှ ဒီဇင်ဘာလအထိ ဆီးခြံအများဆုံးရှိရာ ဒေသများတွင် ပျားပုံးများ ချထားထုတ်လုပ်ရသည်ဖြစ်ရာ ယခုနှစ်တွင် ဆီးသီး၊ ဆီးအဆန် ဈေးကောင်းသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီးခြံလုပ်ငန်းလုပ်ကိုင်သူ များပြားကြောင်းသိရသည်။ "အခုနှစ် ပျားရည်ဈေးနှုန်း ဈေးကွက်က အေးနေတယ်၊ ဆီးသီး ဈေးကောင်းတဲ့အတွက် ဆီးခြံလုပ်ငန်းလုပ်ကိုင်သူများလာသလို ပျား မွေးမြူရေးသမားလည်းများတယ်။ ရာသီဥတု ကောင်းတဲ့အတွက် နှစ်တိုင်းထက် ဆီးပျားရည် အထွက်နှုန်း ကောင်းတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းက ပျားသေတ္တာ ၆၀၀ မှာ ပျားရည်ပီပါ ၅၀ ဝန်းကျင်ရတယ်။ အခုနှစ် ပီပါ ၆၀ ကျော် ရတယ်။ ဒါပေမဲ့ ဝယ်လက်ဈေးကွက်က အေးနေတယ်"ဟု ကလေးမြို့နယ် ပျားလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးကျော်ကျော်ဦးကပြောသည်။

ယခုနှစ် ဆီးပျားရည် ပေါ်ဦးပေါ်ဖျား ကာလတွင် ဆီးပျားရည်တစ်ပိဿာ ကျပ် ၂,၈၀၀ ဝန်းကျင် ပေါက်ဈေးရှိသော်လည်း နိုဝင်ဘာလကုန်ရက်ပိုင်းတွင် ဆီးပျားရည်တစ်ပိဿာ ကျပ် ၂,၉၀၀ အထိ ဈေးပေါက်ကြောင်းသိရပြီး အရောင်းအဝယ်နှေးကွေးနေကြောင်း သိရသည်။ ယခုရက်ပိုင်း ကလေးဒေသထွက် နေကြာပျားရည်မှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ အထိ ပေါက်ဈေးရှိသည်။ "ကလေးဒေသထွက် နေကြာပျားရည်က နိုင်ငံတကာမှာ ရွှေတံဆိပ်ဆုရတဲ့ ပျားရည်ဖြစ် ပါတယ်။ ဒီဇင်ဘာလကုန်ပိုင်းလောက်ဆိုရင် ကလေးဒေသမှာ နေကြာတွေ စပွင့်တော့မှာ ဖြစ်တဲ့အတွက် ပျားပုံးတွေ သိမ်းချီပြီးပြောင်း

ရွှေ့လာတော့မှာ ဖြစ်ပါတယ်။ အခုရက်ပိုင်းမှာတော့ ကနီနယ်မှာ ပျားသေတ္တာပုံးပေါင်း လေးသောင်းကျော်ရှိပြီး ဘုတလင်၊ ဒီပဲယင်းနယ်မှာ ပျားပုံး ငါးသောင်းကျော်ရှိတယ်။ ပျားမွေးမြူရေးသမား ၁၅၀ ဝန်းကျင် လုပ်ကိုင်နေတာဖြစ်ပါတယ်" ဟု ပျားလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးကပြောသည်။

နိုင်ငံတကာ ပျားရည်ဈေးကွက်တွင် ဆီးပျားရည်ကို တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ အများဆုံးဝယ်ယူမှုရှိပြီး ကလေးဒေသထွက် နေကြာပျားရည်ကို စင်ကာပူ၊ အမေရိကန်၊ ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများက ဝယ်ယူကြောင်းသိရသည်။ ကလေးဒေသမှ နေကြာပျားရည်ပီပါရာနှင့် ချီထွက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131762.html

## မိုးရွာသွန်းမှုကြောင့် ပဲတီစိမ်းစိုက်ခင်းများ ပျက်စီး



နိုဝင်ဘာလဆန်းပိုင်းက မိုးသည်းထန်စွာရွာခဲ့မှုကြောင့် စိုက်ပျိုးထားသည့် ပဲတီစိမ်းပင်များပျက်စီးခဲ့ပြီး ပြန်လည်စိုက်ပျိုးရန် မျိုးရှားပါးမှုကြောင့် အခက်တွေ့နေရကြောင်း ကျောက်တန်းမြို့နယ်က ပဲစိုက်တောင်သူများကပြောသည်။ လက်ရှိတွင် ပျက်စီးသွားသည့် ပဲတီစိမ်းစိုက်ခင်းများကို ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်နေရာ မျိုးရှားပါးနေသည့်အပြင် ဈေးနှုန်းမြင့်တက်မှုနှင့် ကြုံနေရခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် နှစ်ကုန်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး၌ ပဲများ စိုက်ပျိုးလေ့ရှိသော်လည်း ယခုနှစ်တွင် နိုဝင်ဘာလဆန်းပိုင်းက မိုးရွာသွန်းမှုကြောင့် ပဲစိုက်ပျိုးရေးလုပ်ငန်းများ ကြန့်ကြာနေကြောင်း၊ ပြန်လည်စိုက်ပျိုးရန် မျိုးအခက်အခဲရှိခဲ့သော်လည်း ရာသီဥတုအခြေအနေကိုကြည့်ပြီး နောက်တစ်ကြိမ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းတို့ကပြောသည်။ “ပဲကတော့ လောလောဆယ်မှာ စိုက်လို့အဆင်မပြေသေးဘူး။ ရာသီဥတု အခြေအနေ ကြည့်ရဦးမယ်။ အရင်စော စိုက်ထားတဲ့သူတွေလည်း ရေနစ်ပြီးတော့ အပင်တွေခါးပြတ်ကုန်ပြီ။ စိုက်ထားတာတွေကလည်း မြေကြီးထဲမြုပ်သွားပြီ။ ရေနဲ့နယ်လိုက်သလိုဖြစ်သွားတော့ အကုန်လုံးပျက်စီးတာပဲပေ့ါ။ အခုဆိုရင် လယ်သမားတွေမှာ စုထားတဲ့မျိုးက ကုန်သလောက်ကိုဖြစ်သွားပြီ။ပြန်စိုက်ဖို့ မျိုးအခက်အခဲရှိနေတယ်။ ဈေးကြီးပေးဝယ် ရရင်တောင် မျိုးကလိုသလောက်မရဘူး။ ဈေးကွက်ကောင်းလာပြီဆိုမှ ဒီလိုအခြေအနေကြုံနေရတယ်“ဟု ကျောက်တန်းမြို့နယ်က လယ်သမားကိုဂျေမီကပြောသည်။

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကပဲများကို သတ်မှတ်တန်ချိန်ထက် ပိုမိုဝယ်ယူမည်ဆိုသောကြောင့် တောင်သူများ ယခုနှစ်တွင် ပဲများကိုတိုးချဲ့စိုက်ပျိုးခဲ့သော်လည်း ပြီးခဲ့သည့်ရက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲပင်များရေနစ်မြုပ်ကာ ပျက်စီးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ကျောက်တန်းမြို့နယ်သည် ပဲတီစိမ်း အဓိကစိုက်ပျိုးလျက်ရှိကာ မက်ပဲစိုက်ပျိုးရန်လည်း ပြင်ဆင်နေကြောင်းသိရသည်။ ပြည်တွင်းကပဲများကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့က ဝယ်ယူမည်ဖြစ်သောကြောင့် ဈေးကောင်း ရရှိမည်ကိုသိရှိသော်လည်း လက်ရှိတွင်စိုက်ပျိုးရန် အခက်အခဲကြုံတွေ့နေရကြောင်း လယ်သမား ဦးကြည်သောင်း ကပြောသည်။

မြန်မာနိုင်ငံတွင် ပဲတီစိမ်းကို ဧရာဝတီ၊ မကွေး၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် အများအပြား စိုက်ပျိုးကြပြီး စပါး၊ ဝါ ပြောင်းသီးနှံတို့ဖြင့် သီးလှည့်စိုက်ပျိုးခြင်း၊ ပဲစင်းငုံ၊ ဝါ၊ ပြောင်း၊ ကြံတို့ဖြင့် သီးညှပ် စိုက်ပျိုးခြင်း၊ ပဲစင်းငုံ၊ နှမ်းတို့ဖြင့် သီးရောစိုက်ပျိုးကြကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8339750

## အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများကိုမြှင့်တင်ကာ မျှတကြွယ်ဝသော အသိုက်အဝန်းကို ဖန်တီးမည်ဟုဆို



တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် မျှတကြွယ်ဝသည့် လူ့အသိုက်အဝန်းတစ်ရပ်ဖန်တီးရေး ကြိုးပမ်းမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကပြောသည်။ နိုဝင်ဘာ ၂၈ ရက်က နေပြည်တော်တွင် ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး၌ ယင်းသို့ပြောခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီနှင့် ယင်း၏လုပ်ငန်းအဖွဲ့ငါးဖွဲ့သည်အလွန်အရေးပါကြောင်း၊ တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုအားပေးမြှင့်တင်ခြင်းဖြင့် မျှတကြွယ်ဝသည့်လူမှုအသိုက်အဝန်းတစ်ရပ်ဖန်တီးရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင် ရေးဆောင်ရွက်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများကိုထင်ဟပ်ရန် အရေးကြီးကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။

ယင်းအစည်းအဝေးတွင် ကော်မတီလုပ်ငန်းစဉ်နှင့် လုပ်ငန်းအဖွဲ့၏ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူ ချောမွေ့စေရေး ကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ရှင်းလင်းတင်ပြခဲ့ပြီး အထောက်အကူပြုလုပ်ငန်းအဖွဲ့ငါးဖွဲ့မှ အဖွဲ့ခေါင်းဆောင်များမှ လုပ်ငန်းအလိုက် ရေးဆွဲထားသည့် နှစ်အလိုက်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဆွဲဆောင်နိုင်ရန်အတွက် အခွန်ကင်းလွတ်ခွင့် အစီအစဉ်များလည်းပြုလုပ်ပေးနေပြီး ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများအတွက် နှစ်အပိုင်းအခြားဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်အစီအစဉ်များ ပေးထားကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131702.html

## ပြည်တွင်းစက်သုံးဆီဈေး ပြန်ကျ



ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် နိုဝင်ဘာ ၂၉ ရက်က ခြောက်လအတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိသော်လည်း ယမန်နေ့က တစ်လီတာလျှင် ၁၅ ကျပ်စီ ပြန်လည်ကျဆင်းခဲ့သည်။ နိုဝင်ဘာ ၃၀ ရက် ရန်ကုန်အထိုင်စက်သုံးဆီ အရောင်းဆိုင်အများစု၌ အောက်တိန်း-92 တစ်လီတာ ၈၈၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာ ၉၇၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၉၅၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာ ၉၆၅ ကျပ်နှုန်းဖြင့် ရောင်းချခဲ့သည်။ ပြည်တွင်းစက်သုံးဆီဈေးသည် နိုဝင်ဘာလလယ်ကစ၍ ဆက်တိုက်မြင့်တက်ပြီး လကုန်တွင် ပြန်လည်ကျဆင်းခဲ့ဖြစ်သည်။

စက်သုံးဆီဈေးကျဆင်းရခြင်းသည် ကမ္ဘာ့ရေနံစိမ်းဈေးကျဆင်းနေခြင်းကြောင့်ဖြစ်သည်ဟု ယင်းဈေးကွက်ကျွမ်းကျင်သူများကဆိုသည်။ "တစ်လီတာ ၁၅ ကျပ်နှုန်းလောက်ကျသွားတော့ အကျကြမ်းတဲ့သဘောတောင်ဖြစ်သွားတယ်။ အရင်ကဆိုရင် ကျပြီဆို တစ်လီတာငါးကျပ်လောက်နဲ့ ဖြည်းဖြည်းချင်းချလေ့ရှိတာကြောင့် ဒီတစ်ကြိမ်က ထူးခြားနေတယ်"ဟု စက်သုံးဆီဈေးကွက်ကျွမ်းကျင်သူ ဦးစိုးမင်းအောင်ကပြောသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် နိုဝင်ဘာ ၃၀ ရက်က တစ်စည်လျှင် ၅၅ ဒေါ်လာခန့်ရှိပြီး နှစ်ရက်အတွင်း သုံးဒေါ်လာခန့်ကျဆင်းခဲ့သည်။

**Source:** https://www.7daydaily.com/-172392

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ငါးရှဉ့်ထောင်လုပ်ငန်းလုပ်ကိုင်သူများ စီးပွားရေးအဆင်ပြေ



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ပေါ်နှင့် ကျေးရွာကြီးများတွင် ဈေးကွက်စီးပွားရေးအရ မိသားစု အပိုဝင်ငွေ ရရှိသော ငါးရှဉ့်ထောင်လုပ်ငန်းမှာ ဝင်ငွေပုံမှန်ရရှိနေသဖြင့် လုပ်ကိုင်သူများ တိုးပွားလျက်ရှိသည်။ ယင်းငါးရှဉ့်ထောင် လုပ်ငန်းမှာ ကျွမ်းကျင်ရန်လိုပြီး နေ့စဉ် ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း ငါးရှဉ့် ခိုအောင်းတတ်သော ပိုက်ချက်နေရာများတွင် ငါးရှဉ့်ထောင်ခြင်းများ ထားခဲ့ပြီးနောက် တစ်နေ့နံနက် ၆ နာရီမှ ၇ နာရီအတွင်း ငါးရှဉ့်ခြင်းများကို လိုက်လံဖော်ယူရသည်။ ငါးရှဉ့်ကို တစ်နေရာတည်းတွင် ထောင်၍မရဘဲ အလှည့်ကျနေရာပြောင်း၍ထောင်ကြရသည်။ ငါးရှဉ့်ထောင်သူတစ်ဦးလျှင် ငါးရှဉ့်ခြင်း ၁၅ ခြင်းမှ ၂၅ ခြင်းအထိ ငါးရှဉ့်ထောင်ကြရသည်။ "ငါးရှဉ့်ထောင်သူတစ်ဦးဟာ ငါးရှဉ့်များများပိုရချင်ရင် ကျွမ်းကျင် မှုနဲ့ အတွေ့အကြုံပေါင်းပြီးလုပ်ရပါမယ်။ ကျွန်တော်ဆိုရင် ဒီငါးရှဉ့်ထောင် လုပ်ငန်းလုပ်တာ ခြောက်နှစ်ခန့်ရှိပါ ပြီ။ မိသားစု ဝင်ငွေရတော့ စီးပွားရေးအဆင်ပြေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် မဲဇလီကဇန်းချောင်းကျေးရွာမှ ငါးရှဉ့်ထောင်သူတစ်ဦးကပြောသည်။

အဆိုပါငါးရှဉ့်ထောင်လုပ်ငန်းကို တောင်သူများ လယ်ယာလုပ်ငန်းရပ် နားချိန်တွင် အဓိကလုပ်ကိုင်ကြပြီး ငါးရှဉ့်ထောင်သူတစ်ဦးလျှင် ငါးရှဉ့်တစ်ပိဿာမှ နှစ်ပိဿာအထိရရှိတတ်သည်။ ငါးရှဉ့်အဝယ်ဒိုင်များက တစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၈၀၀၀ အထိ ဈေးပေးဝယ်ယူကြသဖြင့် ငါးရှဉ့်ထောင်သူတစ်ဦးလျှင် နေ့စဉ် ကျပ် ၁၀၀၀၀ မှ ကျပ် ၁၃၀၀၀အထိ ဝင်ငွေရရှိနေသည်။

**Source:** https://myanmar.mmtimes.com/news/131719.html

## စပါးသစ်၊ ဆန်သစ်ပေါ်ချိန် ကလေးဒေသ၌ တောင်သူသုံးပစ္စည်းများ အရောင်းအဝယ်နည်းပါးနေဟုဆို



စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် စပါးသစ်၊ ဆန်သစ်ပေါ်ချိန် ဆန်ကော၊ ဆန်ခါနှင့် တောင်သူသုံးပစ္စည်းများ အရောင်းအဝယ်နည်းပါးနေပြီး မိရိုးဖလာသုံးစွဲကြသည့် စပါးလှန်းဖျာ၊ ရိုင်လိပ်၊ ဖျာကြမ်း၊ ဖျာချောများ အရောင်းအဝယ်မရှိသလောက် နည်းပါးနေကြောင်း ကလေးမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ဝါးထွက်ပစ္စည်းမျိုးစုံနှင့် တောင်သူသုံးပစ္စည်းမျိုးစုံရောင်းချသည့် ဆိုင်ရှင် ဦးခင်မောင်သန်းကပြောသည်။

တောင်သူသုံးပစ္စည်းများဖြစ်သည့် ဆန်ကော၊ ဆန်ခါ၊ ရိုင်လိပ်၊ ဖျာကြမ်း၊ ဖျာချော၊ ခမောက်မျိုးစုံဈေးကွက်မှာ ယခင်ဆယ်စုနှစ်ကျော်ကာလက မိုးလေဝသကောင်းမွန်ပြီး အသီးအနှံ အထွက်နှုန်းကောင်းမွန် သည့် နှစ်များ၊ စပါးဈေး၊ ဆန်ဈေးကောင်းမွန်သည့် နှစ်များတွင် အရောင်းအဝယ်သွက်လက်ပြီး မိုးလေဝသမကောင်း၊ ဆန်စပါးအထွက်နည်းသည့်နှစ်များတွင် အရောင်းအဝယ်အေးကြောင်းသိရသည်။ "ကျွန်တော်တို့တောင်သူသုံးပစ္စည်းတွေဖြစ်တဲ့ ဆန်ကော၊ ဆန်ခါ၊ ရိုင်လိပ်၊ စပါးလှန်းဖျာဆိုတာ ဟိုတုန်းကတော့ တောင်သူတွေမှာမရှိမဖြစ်ပစ္စည်းတွေဖြစ်ပါတယ်။ အခုတော့ အရောင်းအဝယ်နည်းနေတယ်၊ ခမောက်ကို တောင်သူတွေဆောင်းတာနည်းသွားသလို တောင်သူသုံး ရိုင်လိပ်၊ ဖျာကြမ်းဆိုတာလည်းဝယ်သူ မရှိသလောက်ပါပဲ။ အမှန်က ပွင့်လင်းရာသီကာလ မိုးဦးကျ တောင်သူလယ်လုပ်ငန်းဝင်ချိန်တွေမှာ တောင်သူ သုံးပစ္စည်းမျိုးစုံ အရောင်းသွက်လာရမှာပါ၊ အခုတော့ အရောင်းအဝယ်မကောင်းဘူး" ဟု ၎င်းက ပြောသည်။

ကလေးဒေသမှတောင်သူအများစုမှာ ယခုအခါ နီးဝါးဖြင့်ပြုလုပ်သောတောင်သူသုံးပစ္စည်းများကို ဝယ်ယူသုံးစွဲမှုနည်းလာပြီး ယင်းပစ္စည်းနေရာတွင် ပလတ်စတစ် ပစ္စည်းများအစားထိုးသုံးစွဲမှုများလာသည်။ တောင်သူသုံး ဝါး၊ ကြိမ်နီးဖြင့်ပြုလုပ်သည့် ပစ္စည်းထုတ်လုပ်မှုမှာလည်း ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဝါး၊ ကြိမ်မှာလည်း တောတောင်များမရှိတော့သည့်အတွက် ရှားပါးလာပြီး ဝါး၊ ကြိမ်မှထုတ်လုပ်သည့် ဝါးကြိမ်ပစ္စည်းများဈေးမြင့်လာကြောင်းသိရသည်။ "ကလေးဒေသမှာဝါးတော၊ ကြိမ်တောကလည်း ရှားပါးသွားတော့ တောင်သူတွေအနေနဲ့ ပျိုးစည်းမှာသုံးတဲ့နီးနေရာမှာ ပလတ်စတစ်ကြိုးတွေကို အသုံးပြုမှုများလာတယ်။ ဝါးခမောက်၊ နီးခမောက်တွေ နေရာမှာ ပလတ်စတစ်မိုးကာ အင်္ကျီတွေ ဝယ်ဝတ်လာတယ်၊ ပြီးတော့ ဆန်ကော၊ ဆန်ခါနေရာတွေမှာလည်း အသုံးပြုလို့အဆင်ပြေတဲ့ ပလတ်စတစ် ပစ္စည်းတွေ အစားထိုးသုံးစွဲလာကြတယ်၊ ဝါး၊ ကြိမ်ပစ္စည်းတွေက ပလတ် စတစ်ပစ္စည်းတွေထက် ဈေးမြင့်နေတော့ ဝယ်မသုံးကြ တော့ဘူး" ဟု ကလေးဒေသခံ တောင်သူတစ်ဦးကပြောသည်။

ယခုစပါးပေါ်ချိန် ကလေးမြို့ပေါ်ရှိ တောင်သူသုံးပစ္စည်းမျိုးစုံရောင်းဝယ်သည့်ဈေးဆိုင်များတွင် ဆန်ကော၊ ဆန်ခါ တစ်ချပ်လျှင် ကျပ် ၂၀၀၀၊ ၃၀၀၀ ဝန်းကျင်၊ မစိန်ခမောက်တစ်ချပ်လျှင် ကျပ် ၅၀၀၀ ဝန်းကျင်၊ ပလ္လင်ခမောက်တစ်ချပ်လျှင် ကျပ် ၃၀၀၀ ဝန်းကျင်၊ ရိုင်ဖျာတစ်ချပ်လျှင် ကျပ် ၃၀၀၀ ဝန်းကျင်အရောင်း အဝယ်ဖြစ်ကြောင်းသိရပြီး ကလေးမြို့ပေါ်တွင် ဝါး တစ်လုံး ကျပ် ၁၀၀၀ မှ ၁၅၀၀ ဝန်းကျင်ဈေးရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131704.html

## ဆီးပွင့်ချိန် ဆီးပျားရည်အထွက်နှုန်းကောင်းသော်လည်း အရောင်းအဝယ်အေး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီးခြံ စိုက်ပျိုးမှု အများဆုံးရှိသည့် ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ဘုတလင်မြို့နယ်၊ ဒီပဲယင်းမြို့နယ်တို့မှ အများဆုံးထုတ်လုပ်မှုရှိသည့် ဆီးပျားရည်မှာ ယခုနှစ် အထွက်နှုန်းကောင်းမွန်သော်လည်း ပျားရည် အရောင်းအဝယ်ဈေးကွက်တွင် ဝယ်ယူမှုနှေးကွေးနေသည့်အတွက် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အခက်ကြုံလျက်ရှိကြောင်းသိရသည်။ ဆီးပျားရည်ထုတ်လုပ်မှုကို ဆီးပွင့်ချိန်ဖြစ်သည့် စက်တင်ဘာလကုန်ပိုင်းမှ ဒီဇင်ဘာလအထိ ဆီးခြံအများဆုံးရှိရာဒေသများတွင် ပျားပုံးများချထားထုတ်လုပ်ရသည်ဖြစ်ရာ ယခုနှစ်တွင် ဆီးသီး၊ ဆီးအဆန် ဈေးကောင်းသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီးခြံလုပ်ငန်းလုပ်ကိုင်သူများပြားကြောင်းသိရသည်။ "အခုနှစ် ပျားရည်ဈေးနှုန်း ဈေးကွက်က အေးနေတယ်၊ ဆီးသီးဈေးကောင်းတဲ့အတွက် ဆီးခြံလုပ်ငန်းလုပ်ကိုင်သူများလာသလို ပျား မွေးမြူရေးသမားလည်းများတယ်။ ရာသီဥတုကောင်းတဲ့အတွက် နှစ်တိုင်းထက် ဆီးပျားရည်အထွက်နှုန်းကောင်းတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းက ပျားသေတ္တာ ၆၀၀ မှာ ပျားရည်ပီပါ ၅၀ ဝန်းကျင်ရတယ်။ အခုနှစ် ပီပါ ၆၀ ကျော် ရတယ်။ ဒါပေမဲ့ ဝယ်လက်ဈေးကွက်က အေးနေတယ်"ဟု ကလေးမြို့နယ် ပျားလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးကျော်ကျော်ဦးကပြောသည်။

ယခုနှစ် ဆီးပျားရည် ပေါ်ဦးပေါ်ဖျား ကာလတွင် ဆီးပျားရည်တစ်ပိဿာ ကျပ် ၂၈၀၀ ဝန်းကျင်ပေါက်ဈေးရှိသော်လည်း နိုဝင်ဘာလကုန်ရက်ပိုင်းတွင် ဆီးပျားရည် တစ်ပိဿာ ကျပ် ၂၉၀၀ အထိ ဈေးပေါက်ကြောင်းသိရပြီး အရောင်းအဝယ်နှေးကွေးနေကြောင်းသိရသည်။ ယခုရက်ပိုင်း ကလေးဒေသထွက် နေကြာပျားရည်မှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ အထိ ပေါက်ဈေးရှိသည်။ "ကလေးဒေသထွက် နေကြာပျားရည်က နိုင်ငံတကာမှာ ရွှေတံဆိပ်ဆုရတဲ့ ပျားရည်ဖြစ်ပါတယ်။ ဒီဇင်ဘာလကုန်ပိုင်းလောက်ဆိုရင် ကလေးဒေသမှာ နေကြာတွေ စပွင့်တော့မှာ ဖြစ်တဲ့အတွက် ပျားပုံးတွေ သိန်းချီပြီးပြောင်းရွှေ့လာတော့မှာဖြစ်ပါတယ်။ အခုရက်ပိုင်းမှာတော့ ကနီနယ်မှာ ပျားသေတ္တာပုံးပေါင်း လေးသောင်းကျော်ရှိပြီး ဘုတလင်၊ ဒီပဲယင်းနယ်မှာ ပျားပုံးငါးသောင်းကျော်ရှိတယ်။ ပျားမွေးမြူရေးသမား ၁၅၀ ဝန်းကျင်လုပ်ကိုင်နေတာဖြစ်ပါတယ်" ဟု ပျားလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးကပြောသည်။ နိုင်ငံတကာပျားရည်ဈေးကွက်တွင် ဆီးပျားရည်ကို တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝယ်ယူမှုရှိပြီး ကလေးဒေသထွက် နေကြာပျားရည်ကို စင်ကာပူ၊ အမေရိကန်၊ ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများကဝယ်ယူကြောင်းသိရသည်။ ကလေးဒေသမှ နေကြာပျားရည်ပီပါ ရာနှင့်ချီထွက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131762.html

## အရှေ့-အနောက် စီးပွားရေးစင်္ကြံကို ပေါင်းကူးပေးမည့် ထိုင်း-မြန်မာ တံတားသစ် ဖွင့်လှစ်



တောင်တရုတ်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ချိတ်ဆက်ကာ အရှေ့-အနောက် စီးပွားရေးစင်္ကြံအဖြစ် ရုပ်လုံးဖော်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ထိုင်းနှင့်မြန်မာကြားက တံတားသစ်တစ်စင်းကို ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် မြန်မာတို့ကို ဖြတ်သန်းသွယ်တန်းမည့် အဆိုပါစင်္ကြံသည် ကမ္ဘောဒီးယားအပါအဝင်ဖြစ်သော မဲခေါင်ဒေသ၏ ကုန်စည်စီးကြောင်းကို ပုံစံပြောင်းလဲစေနိုင်မည်ဖြစ်ကာ ကြီးမားသည့် အိန္ဒိယဈေးကွက်သို့ ချိတ်ဆက်မည့် စီးပွားရေးစင်္ကြံပဲဖြစ်သည်။ အဆိုပါ ကုန်သွယ်လမ်းကြောင်းသစ်က တရုတ်အပေါ် မှီခိုနေရသည့် ဒေသတွင်းစီးပွားရေးအချို့ကို ပုံစံပြောင်းလဲစေမှု ဖြစ်ကောင်းလာနိုင်သည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းက မြဝတီမြို့နှင့် ထိုင်းအနောက်ပိုင်း မဲဆောက်ခရိုက်ကို ချိတ်ဆက်သော အဆိုပါ ဒုတိယမြောက် ထိုင်း-မြန်မာချစ်ကြည်ရေးတံတားကို အောက်တိုဘာနှောင်းပိုင်းက တရားဝင်ဖွင့်လှစ်ခဲ့သည်။ ယင်းတံတားကို အမေရိကန်ဒေါ်လာ သန်း ၁၄၀ အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း ထိုင်းအစိုးရကပြောသည်။ ကုန်တင်ကားများကို မြို့ရှောင်လမ်းမှ ခွင့်ပြုမောင်းနှင့်စေကာ ယခုတံတားကို အသုံးပြုခြင်းဖြင့် ကုန်စည်စီးဆင်းမှု ပိုမိုချောမွေ့စေမည်ဖြစ်သည်ဟု မြန်မာတာဝန်ရှိသူတစ်ဦးက ပြောသည်။အရှေ့-အနောက် စင်္ကြံလမ်းမကြီးစီမံကိန်းသည် ဗီယက်နမ်မှ မြန်မာ၊ လာအိုနှင့်ထိုင်းနိုင်ငံတို့ကို ချိတ်ဆက်သော ကီလိုမီတာ ၁၇၀၀ ရှည်လျားသည့် လမ်းပိုင်းစီမံကိန်းကြီးဖြစ်သည်။ ယင်းမှတစ်ဆင့် ဘင်္ဂလားအော် အိန္ဒိယအထိ လမ်းပေါက်မည်ဖြစ်သည်။

အစောပိုင်းက ယင်းစင်္ကြံလမ်းမကြီး၏ အနောက်ပိုင်း လမ်းဆုံးအဖြစ် မြန်မာအရှေ့ပိုင်းက မော်လမြိုင်တွင် အဆုံးသတ်ရန် ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ အကြီးဆုံး ရန်ကုန်မြို့အထိ ချဲ့ထွင်ဖောက်လုပ်မည်ဖြစ်သည်။ ထိုသို့ချဲ့ထွင်ပြီး Toyota Motor စက်ရုံပါတည်ဆောက်လျက်ရှိသော ဂျပန်နိုင်ငံ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ပေါ်နေပြီဖြစ်သော သီလဝါအထူးစီးပွားရေးဇုန်အထိ ချိတ်ဆက်သွားမည်ဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/63770

## ငှက်ပျောသီးကို တရားဝင်တင်ပို့နိုင်ရေး တရုတ်နှင့်နားလည်မှုစာချွန်လွှာရေးထိုးရန် မြန်မာအစိုးရဆောင်ရွက်နေ



ငှက်ပျောသီးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ဒီဇင်ဘာ ၂ ရက် က ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၅) ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၏ နိုင်ငံတကာ၌ခန့်အပ်ထားသော စီးပွားရေးသံမှူးများ ပို့ကုန်မြှင့်တင်ရေး စိုက်ပျိုးသီးနှံများဈေးကွက်အသစ်ရရှိရန် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်းပြီး ဒုတိယဝန်ကြီးက ဖြေကြားရာတွင် ထည့်သွင်း ပြောကြားသည်။ "ငှက်ပျော်သီးနဲ့ပတ်သက် ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘက်မှ ကျွမ်းကျင်ပညာရှင်နှစ်ဦးက မြန်မာနိုင်ငံကို လာရောက်ပြီး ကွင်းဆင်းလေ့လာပြီးပါပြီ။ ဒါနဲ့ပတ်သက်လို့ ငှက်ပျောသီးတရားဝင်တင်ပို့နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။

ထို့အပြင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ဘေကျင်း) ရှိမြန်မာ့ စီးပွားရေးသံမှူးသည် တရုတ်နိုင် ငံသို့ ပြောင်းဖူးတရားဝင် တင်သွင်းခွင့်ရရှိရေး သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းခြင်း၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများအနက် ထောပတ်သီး၊ သံပရာသီး နာနတ်သီး၊ ချဉ်ပေါင်၊ ဖာလာ၊ ကျွဲကောသီး၊ လျှော်ဖြူ (ဆေးကုလားမ) နှင့် ဝဥစသည့်သီးနှံ ခုနစ်မျိုးတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင် တင်ပို့ရောင်းချနိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြောသည်။ “ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အခွန်အကောက်အာဏာပိုင်အဖွဲ့နဲ့ချိတ်ဆက်ညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့ပါတယ်” ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။ ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံအနေဖြင့် ချဉ်ပေါင်၊ ဖာလာနှင့်ဝဥတို့ကို ပိုးမွှားစစ်ဆေးပြီး သမားရိုးကျပို့ကုန်အဖြစ် တင်ပို့နိုင် ကြောင်းနှင့်လျှော်ဖြူ (ဆေးကုလားမ) ကိုဖြည့်စွက်စာအဖြစ်တင်ပို့နိုင်ကြောင်း တရုတ်နိုင်ငံနှင့်ညှိနှိုင်းရရှိခဲ့သည်ဟု ဦး အောင်ထူးကပြောသည်။

**Source:** https://www.7daydaily.com/%E1%80%84%E1%80%BE%E1%80%80% E1%80% BA%E1% 80% 95% E1%80%BB%E1%80% B1%E1%80%AC%E1%80% 9E%E1%80%AE% E1%80% B8%E1% 80% 80% E1%80%AD%E1%80%AF

## မြိတ်ဒေသထွက် ကင်းမွန်ပြုတ်ခြောက် တရုတ်နိုင်ငံသို့အများဆုံးတင်ပို့



မြိတ်ဒေသ၏ ရေထွက်ကုန်တစ်မျိုးဖြစ်သော ကင်းမွန်ပြုတ်ခြောက်လုပ်ငန်းမှာ ကုန်ချောအဖြစ် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေကြောင်း ယင်းလုပ်ငန်းကို လုပ်ကိုင်နေသည့်အလုပ်ရုံများမှသိရသည်။ မြိတ်မြို့ရှိ ကင်းမွန်ပြုတ်ခြောက်လုပ်ငန်း မှာ မြိတ်တောင်ကျေးရွာအုပ်စု၊ အင်းလေးမြိုင်စက်မှုဇုန်ရှိ ဝင်း အတွင်း အများဆုံးလုပ်ကိုင်နေသည်ဟုသိရသည်။

LA ကင်းမွန်ပြုတ်ခြောက်အလုပ်ရုံမှ မန်နေဂျာဦးရဲလင်းက "ကျွန်တော် တို့အလုပ်ရုံတွေကထုတ်တဲ့ ကင်းမွန်ပြုတ်ခြောက်က ဒေသတွင်းစားသုံးမှုထက် ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်ကို ကုန်ချောအဖြစ် အများဆုံးတင်ပို့တာဖြစ်ပါတယ်"ဟုပြောသည်။ မြိတ်ကျွန်းစု အတွင်း ဖမ်းဆီးရရှိ သောကင်းမွန်များကို အေးခဲ၍ မော်တောင်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ အနည်းငယ်သာ တင်ပို့မှုရှိနေပြီး အများဆုံးက အကောင်လိုက်ပြုတ်ထားသော ကင်းမွန်ပြုတ်ခြောက်ကို တရုတ်နိုင်ငံကိုတင်ပို့နေကြောင်း ယင်းလုပ်ငန်းကို လုပ်ကိုင်နေသူများထံမှသိရသည်။

ယခုနှစ် ကင်းမွန်ရာသီတွင် ကင်းမွန်အကြီးတစ်ဗန်းကို ကျပ်ရှစ် သောင်းမှ ကိုးသောင်းအထိ၊ အလတ် စားတစ်ဗန်းမှာ ကျပ်လေးသောင်းကျော်နှင့် အသေးဆုံးတစ်ဗန်းမှာ ကျပ်သုံးသောင်းမှ ကျပ်သုံးသောင်းခွဲအထိရှိကြောင်း ဒေသခံကင်းမွန်မီးထွန်းလှေ ရေလုပ်သားများထံမှသိရသည်။ အထက်ပါကင်းမွန်စျေးနှုန်းများမှာ ယခင်နှစ်ကထက် ကျပ်ငါးထောင်မှ ကျပ်တစ်သောင်းဝန်းကျင်အထိ စျေးမြင့်တက်ခဲ့ကြောင်းသိရသည်။ မြိတ်မြို့၌ ကင်းမွန်ပြုတ်ခြောက်လုပ်ငန်း အလုပ်ရုံစုစုပေါင်း ၁၃ ရုံရှိပြီး အမျိုးသားအမျိုးသမီးတစ်ဦး တစ်နေ့လုပ်အားခမှာ ကျပ်ခြောက်ထောင်မှ ကိုးထောင်အထိရရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131766.html

## ကမ္ဘာ့စီးပွားရေးမသေချာမှုများအပေါ် ကြိုတင်ပြင်ဆင်ထားရန် ထိုင်းဒုတိယဝန်ကြီးချုပ်ပြောကြား

ဒုတိယဝန်ကြီးချုပ်ဆုန်ကစ်က လာမည့်နှစ် ကမ္ဘာ့စီးပွားရေးမသေမချာမရေမရာမှုများအပေါ် ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန် ဘဏ္ဍာရေးဝန်ကြီးဌာနအား တာဝန်ပေးအပ်ခဲ့ပါသည်။ လာမည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးမှာ အလှည့်အပြောင်းမဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍မိမိတို့အနေဖြင့် နေးကွေးဆဲဖြစ်သော ကမ္ဘာ့စီးပွားရေးအပေါ်

ကိုင်တွယ်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိများနှင့်ပြုလုပ်သည့် အစည်းအဝေးအပြီးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလတွင် ပြည်တွင်း စားသုံးမှုကြောင့် ပြည်တွင်းစီးပွားရေး အရှိန်အဟုန်တိုးတက်မှုလက္ခဏာကို မြင်တွေ့ခဲ့ရကြောင်း ၎င်းကပြောကြားခဲ့သည်။

အမေရိကန်နှင့်တရုတ်ကုန်သွယ်ရေး တင်းမာမှုများမြင့်တက်ခြင်းနှင့် ဘတ်ငွေတန်ဖိုးမြင့်တက်မှုကြောင့် ပို့ကုန်တင်ပို့မှု ကျဆင်းခြင်းတို့ကြောင့် ထိုင်းနိုင်ငံ၏စီးပွားရေးမှာ လေးနှစ်အတွင်း နှစ်စဉ်တိုးတက်မှုအနိမ့်ဆုံးဖြစ်ခဲ့ပြီး ၂ ဒသမ ၃ ရာခိုင်နှုန်းသာတိုးတက်ခဲ့ကြောင်း၊ ယခုနှစ်ပထမသုံးလပတ်တွင် စီးပွားရေးမှာ ယခင်နှစ်ကထက် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းသိရှိရသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန ဘဏ္ဍာရေးမူဝါဒရုံးသည် မကြာသေးမီကပင် ထိုင်းစီးပွားရေး တိုးတက်မှုအလားအလာကို ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၈ ရာခိုင်နှုန်းသို့လျှော့ချခဲ့ပြီး ထိုင်းနိုင်ငံပိုင်ဘဏ်ကမူ စီးပွားရေး တိုးတက်မှုအပေါ် ၃ ဒသမ ၃ ရာခိုင် နှုန်းမှ ၂ ဒသမ ၈ ရာခိုင်နှုန်းသို့လျှော့ချခဲ့ကြသည်။ စီးပွားရေးမှာ ၎င်း၏ တိုးတက်မှုအလားအလာ (၃) မှ (၄) အောက်တွင်သာရှိနိုင်သည်ဟုသုံးသပ်ခဲ့ပြီး အစိုးရအနေဖြင့် ပို့ကုန်ကျဆင်းခြင်းနှင့် စီးပွားရေးအရှိန်အဟုန်ကျဆင်းခဲ့ရပြီးသည့်နောက် ယခုနှစ်အတွက် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုအား ၃ရာခိုင်နှုန်း ရရှိစေရန် ဘတ်ငွေ ၃၁၆ ဘီလီယံ တန်ဖိုးရှိ စီးပွားရေးအပေါ် အားပေးလှုံ့ဆော်မည့် အစီအမံများကို ချမှတ်ခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) အနေဖြင့် ပြည်တွင်း စီးပွားရေးလုပ်ငန်း ၁၀၂ ခုတို့အား နောက်လာမည့် ၁၀ နှစ် တာကာလအတွက် ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်မှုဆိုင်ရာ စွန့်စားရမှုများနှင့် စပ်လျဉ်း၍ မေးခွန်း ၃၀ အနက်မှ ပိုင်ဆိုင်မှု (asset Bubble)၊ Cyber security၊ Governance တို့အပါအဝင် အချက်ငါးချက်အပေါ် မေးမြန်းဖော်ထုတ်ခဲ့ကြသည်။ ထို့ပြင်ဗဟိုဘဏ်အနေဖြင့် ပိုမိုတင်းကျပ်သော ချေးငွေနှင့် တန်ဖိုးလိုအပ်ချက်များကို အကောင်အထည်မဖော်မီ စစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်ပြီး အိမ်ခြံမြေကဏ္ဍ၌ ပူဖောင်းBubble မဖြစ်ပေါ်သေးကြောင်း ၎င်းကပြောကြားခဲ့သည်။နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၄၅ ခု၏ ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက်ခွဲဝေမှုမှာ ၂၀၂၀ ဘဏ္ဍာရေး ရည်မှန်းချက်၏ ၈၀ ရာခိုင်နှုန်းရှိပြီး ဘတ်ငွေ ၃၆၀ ဘီလီယံရှိကြောင်း ခန့်မှန်းထားပါသည်။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနေဖြင့်အောက်တိုဘာလကုန်အထိစုစုပေါင်းဘတ်ဂျက် ၏ ၇၅ ရာခိုင်နှုန်းကို ထုတ်ယူခဲ့ပြီးဖြစ်ပါသည်။

**Source:** https://business.facebook.com/SFJWeekly/posts/2829775373776403?__tn__=K-R

## အီရန်နှင့် ကုန်သွယ်ရေးအတွက် ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်၌ ဥရောပခြောက်နိုင်ငံပါဝင်လာ

ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့ သည် INSTEX ဟုခေါ်သော ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ်၌ ပါဝင်လာသည့် ဥရောပခြောက်နိုင်ငံအား နိုဝင်ဘာ ၃၀ ရက် တွင် ကြိုဆိုလိုက်ကြောင်းသိရသည်။ ယင်းစနစ်သည် အမေရိကန်ဒေါ်လာ အသုံးပြုမှုကို ရှောင်ရှားခြင်းဖြင့် အီရန်နှင့်ကုန်သွယ်ရေးကို အမေရိကန်ကပိတ်ပင်ထားမှုအား ရှောင်လွှဲနိုင်ရေးအတွက် ရေးဆွဲ ထားခြင်းဖြစ်သည်။ "INSTEX မှာ ပူးပေါင်းပါဝင်ဖို့ ဘယ်ဂျီယမ်၊ ဒိန်းမတ်၊ ဖင်လန်၊ နယ်သာလန်၊ နော်ဝေနဲ့ဆွီဒင်နိုင်ငံ အစိုးရတွေရဲ့ ဆုံးဖြတ်ချက်တွေကို INSTEX စနစ်ကို ထူထောင်ရာမှာ ပါဝင်သူတွေအဖြစ် ပြင်သစ်၊ ဗြိတိန်နဲ့ဂျာမနီနိုင်ငံတွေက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုလိုက်ပါတယ်" ဟု ယင်းသုံးနိုင်ငံ၏ ပူးတွဲထုတ်ပြန်ချက်တွင် ပြောကြားထားသည်။ ပါရီကို အခြေပြုသည့် INSTEX ၏ လုပ်ငန်းဆောင်တာများက တရားဝင်အဖြစ် အီရန်နိုင်ငံကို ရေနံဆက်လက်ရောင်းချနိုင်စေပြီး အလဲအလှယ်အနေဖြင့် အခြားထုတ်ကုန်များနှင့်ဝန်ဆောင်မှုများ ပြန်လည်တင်သွင်းနိုင်စေမည်ဖြစ်သည်။ သို့သော် ယင်းစနစ်ကို ယခုအထိ ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။

အမေရိကန်သည် ၂၀၁၈ ခုနှစ်တွင် အီရန်နိုင်ငံ၏ နျူကလီးယားစီမံကိန်းအပေါ်ထိန်းချုပ်သည့် နိုင်ငံတကာ သဘော တူညီချက်များမှနေ၍ တစ်ဘက်သတ်နုတ်ထွက်သွားခဲ့ပြီး အီရန်နိုင်ငံအပေါ် ပြင်းထန်သည့်ပိတ်ဆို့မှုများ ပြန်လည်ချမှတ် ခဲ့သည်။ ယင်းကဲ့သို့ ခြောက်နိုင်ငံထပ်မံဝင်ရောက်လာခြင်းသည် INSTEX စနစ်ကို ပို၍အားကောင်းစေပြီး ဥရောပနှင့် အီရန် နိုင်ငံတို့အကြား တရားဝင်ကုန်သွယ်ရေးကို လွယ်ကူချောမွေ့စေရေး အားထုတ်မှုများကို သရုပ်ဖော်ပြနေသည်ဟု ပြင်သစ်၊ ဗြိတိန်နှင့်ဂျာမနီနိုင်ငံတို့က ပြောကြားခဲ့သည်။ "ဒါဟာ ၂၀၁၅ အီရန်နျူကလီးယားသဘောတူညီမှုဖြစ်တဲ့ "ပြီးပြည့်စုံတဲ့ ပူးတွဲအ

ကောင်အထည်ဖော်ရေးအစီအစဉ်" (JCPoA) ကို ကျွန်တော်တို့ ဆက်လက်လိုက်နာနေကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြလိုက်တာပါပဲ"ဟုလည်း အဆိုပါသုံးနိုင်ငံက ပြောကြားခဲ့သည်။ ၎င်းတို့က အီရန်နိုင်ငံအနေဖြင့်လည်း ယင်းသဘောတူညီချက်အောက်၌ ကတိပြုထားသည်များကို ကြန့်ကြာမှုမရှိစေဘဲ အပြည့်အဝပြန်လည်လိုက်နာရမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ "JCPoA ရဲ့ မူဘောင်အတွင်းက သံတမန်ရေးရာဆုံးဖြတ်ချက်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အားထုတ်မှုတွေအတိုင်း ဆက်သွားဖို့ ကျွန်တော်တို့က အပြည့်အဝ ဆက်ပြီး ကတိပြုထားဆဲပါပဲ"ဟု ၎င်းတို့ကဆိုသည်။

၂၀၁၅ သဘောတူညီချက်အောက်၌ အီရန်၏ နျူကလီးယားစီမံကိန်းကို အရပ်ဘက်ဆိုင်ရာ အသုံးပြုမှုသာဖြစ်ရမည်ဟု ကန့်သတ်ထားပြီး အလဲအလှယ်အနေဖြင့် အနောက်တိုင်း၏ ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းပေးခဲ့သည်။ အမေရိကန် နုတ်ထွက်သွားပြီးနောက်ပိုင်း အီရန်သည် သဘောတူညီချက်မှနေ၍ အဆင့်လေးဆင့်ကို နောက်သို့ပြန်ဆုတ်ခဲ့သည်။ နောက်ဆုံးခြေလှမ်းမှာ နိုဝင်ဘာ ၄ ရက်တွင် အီရန်အင်ဂျင်နီယာများက တီဟီရန်တောင်ပိုင်း မြေအောက်ရှိဖော်ဒိုးစက်ရုံရှိ ဗဟိုခွာအားစက်များ၏ စက်လုံးများအတွင်းသို့ ယူရေနီယမ် ဟက်ဆာဖလိုရိုက်ဓာတ်ငွေ့များ စတင်သွတ်သွင်းခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/147861

## တရုတ်တွင် စက်ရုံသစ်တည်ဆောက်ပြီး လျှပ်စစ်ကားထုတ်လုပ်ရန် BMW စီစဉ်




ဂျာမနီကားကုမ္ပဏီကြီး BMW နဲ့ ယင်းရဲ့ partner ဖြစ်တဲ့ Great Wall Motor တို့ ပူးပေါင်းပြီး တရုတ်မှာ ကားစက်ရုံ တစ်ရုံတည်ဆောက်ဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ယင်းအသစ်တည်ဆောက်မယ့် ကားစက်ရုံကတော့ တစ်နှစ်ကို ကားစီးရေ ၁၆၀၀၀၀ အထိ ထုတ်လုပ်နိုင်စွမ်းရှိမယ်သိရပါတယ်။ ယင်းစက်ရုံသစ်မှာတော့ BMW ရဲ့ လျှပ်စစ် MINI brand ကားတွေနဲ့ Great Wall Motor မော်ဒယ်တွေ ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

ဒေါ်လာ ၇၁၆ သန်း ( ယူရို သန်း ၆၅၀ ) ခန့် ကုန်ကျမယ့် ယင်းစက်ရုံကတော့ လာမယ့် ၂၀၂၂ မှာ အပြီးသတ်ဖို့ ရည်မှန်းထားပါတယ်။ဒါဟာ ယမန်နှစ်တုန်းက အခြားသောဂျာမနီကားကုမ္ပဏီတစ်ခုဖြစ်တဲ့ Volkswagen က တရုတ်မှာ လျှပ်စစ်ကားထုတ်လုပ်ဖို့ လုပ်ဆောင်နေချိန် ယခုအခါ BMW လည်း ယခုလိုစီစဉ်လုပ်ဆောင်လာတာဖြစ်ပါတယ်။

**Source:** SFJ Strategy First Journal ,https://www.channelnewsasia.com/.../bmw--great-wall-to-build-...

## အမေရိကန် ရေနံထုတ်လုပ်မှု စံချိန်တင်မြင့်တက်ပြီးနောက် ရေနံဈေးကျဆင်း

ကမ္ဘာ့ ရေနံဈေးတွေကတော့ နိုဝင်ဘာ ၂၈ ရက်မှာ ကျဆင်းမှုတွေ ဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ အမေရိကန်မှာ ရေနံစိမ်းနဲ့ ဓာတ်ဆီသိုလှောင်မှုပမာဏဟာ မျှော်မှန်းထားတာထက် ပိုမိုမြင့်တက်ခဲ့သလို ထုတ်လုပ်မှုဟာလည်း စံချိန်တင်မြင့်တက်လာခဲ့ကြောင်း တရားဝင်ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေက ပြသနေခဲ့ပြီးနောက် ခုလိုရေနံဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ Brent ရေနံဈေးနှုန်းကတော့ ယင်းနေ့မှာ ၀ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်ကို ၆၃ ဒသမ ၈၈ ဒေါ်လာမှာရှိနေပါတယ်။ အမေရိကန် WTI ရေနံ ဈေးကလည်း ၀ ဒသမ ၄ ရာခိုင်နှုန်းကျပြီး တစ်စည်ကို ၅၇ ဒသမ ၈၇ မှာ ရှိနေပါတယ်။

အမေရိကန် ရေနံစိမ်းသိုလှောင်မှုပမာဏဟာ ပြီးခဲ့တဲ့အပတ်မှာ စည်ပေါင်း ၁ ဒသမ ၆ သန်း ပိုတိုးလာခဲ့သလို ထုတ်လုပ်မှုဟာလည်း တစ်နေ့ကို စည်ပေါင်း ၁၂ ဒသမ ၉ သန်းအထိ စံချိန်တင်ရှိခဲ့ကြောင်း စွမ်းအင်သတင်းအချက်အလက်ဌာနက ထုတ်ပြန်သွားပါတယ်။

**Source:** SFJ Strategy First Journal, https://www.channelnewsasia.com/.../oil-drops-after-us-invent...

# STOCK EXCHANGE (2.12.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 2nd Dec. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 11,500 | 11,500 | 4,913 | 56,499,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,900 | 3,900 | 3,850 | 2,464 | 9,554,050 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 81 | 1,863,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 522 | 1,487,700 | 12,823,224 | 36,546 |


## Market summary

As of 2nd Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.41 | -9.90 | -2.07% | 469.83 | 469.83 | 468.41 | 7,980 | 69,404,250 | 5 | 641,405 |

### Index chart




# Market Overview

As of 1:00 pm, 2nd Dec. 2019

| MYANPIX | 468.41 ▼ 9.90 |
|---|---|
| Total Volume (shares) | 7,980 |
| Total Value (MMK) | 69 mil |
| Listed Company | 5 |
| Market Cap. (MMK) | 641,405 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |